၈ ဒီဇင်ဘာလ ၂၀၂၃

အတွင်းသတင်းအချက်အလက်ကိုအသုံးပြု၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကာကွယ်တားဆီးရန်အတွက် ကြီးကြပ်စစ်ဆေးရမည့်အချက်များ

> ➢ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူသည် မမျှတသည့်အရောင်းအဝယ်ပြုလုပ်မှုများ ကျူးလွန်သည်ကိုသိရှိလျှင် အဆိုပါ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူထံမှ ငွေချေး သက်သေခံလက်မှတ်များ ရောင်းဝယ်မှုပြုလုပ်ရန်အမှာစာကို လက်မခံခြင်း၊ (ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးနည်းဥပဒေ ၆၈(ဋ))
>
> ➢ မမျှတသောအရောင်းအဝယ်ပြုလုပ်ခြင်းအား ကာကွယ်တားဆီးရန်အတွက် လိုအပ်သောအကောင်အထည်ဖော်မှုနည်းလမ်းများကို ဖော်ထုတ်ခြင်း၊ (ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ၇၁(က) နှင့် ညွှန်ကြားချက်အမှတ်(၄/၂၀၁၆))

**အခြေခံစည်းမျဉ်း**

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် ယင်းတို့၏ ဝန်ထမ်းများမှ အတွင်းသတင်းအချက်အလက်များကိုအသုံးပြု၍ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကာကွယ်စောင့်ရှောက်သူအဖြစ် မှတ်ယူသည့် အားလျော်စွာစာရင်းဝင်ကုမ္ပဏီများမှ ဖွင့်ဟထုတ်ဖော်ခြင်းမပြုရသေးသော အရေးပါသည့် အတွင်းသတင်းအချက်အလက်များကို အသုံးပြု၍အရောင်းအဝယ်အမှာစာတင်ခြင်းကို ငြင်းပယ်ရန်မျှော်မှန်းချက်ထားရှိပါသည်။

**ကြီးကြပ်စစ်ဆေးရန်ပထမအချက်-အတွင်းသတင်းအချက်အလက်များ**

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် စာရင်းဖွင့်ပုံစံမှ တစ်ဆင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူမှ အတွင်းသတင်းအချက်အလက်ကိုအသုံးပြု၍ အရောင်းအဝယ် ဆောင်ရွက်ခြင်း ရှိ မရှိ သိရှိနိုင်ရန်အတွက် အောက်ပါအတွင်းလူနှင့်ပတ်သက်သော နောက်ဆုံးသတင်းအချက်အလက်များကို ဖြည့်စွက်ရမည်-
  - (က) စာရင်းဝင်ကုမ္ပဏီများ၏ ဒါရိုက်တာများ၊
  - (ခ) စာရင်းဝင်ကုမ္ပဏီများ၏လက်အောက်ခံကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီ ၏ ဒါရိုက်တာများ၊
  - (ဂ) အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ ဒါရိုက်တာများ၊
  - (ဃ) အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ လက်အောက်ခံကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီ၏ ဒါရိုက်တာများ၊
  - (င) စာရင်းဝင်ကုမ္ပဏီများနှင့် အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ အတွင်းသတင်းရရှိနိုင်သော နိုင်ငံ့ဝန်ထမ်းများ၊

(စ) စာရင်းဝင်ကုမ္ပဏီများနှင့် အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ အတွင်းသတင်းရရှိနိုင်သော ရန်ကုန်စတော့အိပ်ချိန်း၏ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၊

(ဆ) စာရင်းဝင်ကုမ္ပဏီများနှင့် အကြိုစာရင်းဝင်မှတ်ပုံတင်ကုမ္ပဏီများ၏ ရှယ်ယာ ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်သော အဓိကရှယ်ယာရှင်များ၊

(ဇ) ကောင်တာဈေးကွက်၏ ဒါရိုက်တာများနှင့်ဝန်ထမ်းများ၊

(ဈ) အထက်အပိုဒ်ခွဲများပါ ပုဂ္ဂိုလ်များ၏ မိသားစုဝင်များ၊
(ဥပမာ၊ မိဘ၊ ဇနီး/ခင်ပွန်း နှင့် ၎င်းတို့၏ သားသမီးများ)

- အတွင်းသတင်းအချက်အလက်များတွင် အတွင်းသတင်းသိရှိသူ တစ်ဦးချင်းစီအတွက် အောက်ပါသတင်းအချက်အလက်များ ပါဝင်ရမည်-

(၁) အတွင်းသတင်းသိရှိသော လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏အမည် သို့မဟုတ် ကုမ္ပဏီအမည်

(၂) အတွင်းသတင်းသိရှိသောလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူ၏လိပ်စာ သို့မဟုတ် တည်ရာဒေသနှင့် အဆက်အသွယ်

(၃) အတွင်းသတင်းသိရှိသောလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏ မွေးနေ့သက္ကရာဇ်

(၄) အတွင်းသတင်းသိရှိသောလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့် ဆက်နွယ်သည့် ကုမ္ပဏီအမည်၊ ရာထူးနှင့်ဌာန

(၅) အတွင်းသတင်းသိရှိသောလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူနှင့် ဆက်နွယ်သည့် စာရင်းဝင်ကုမ္ပဏီအမည်

## ကြီးကြပ်စစ်ဆေးရန်ဒုတိယအချက်- အတွင်းလူရောင်းဝယ်ခြင်းဟု သံသယဖြစ်ဖွယ် အရောင်းအဝယ်အား စစ်ဆေးခြင်း

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုသည် အတွင်းသတင်းသိရှိသော လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူမှ အရောင်းအဝယ်အမှာစာ တင်ရာတွင် စာရင်းဝင်ကုမ္ပဏီ၏ ဖွင့်ဟထုတ်ဖော်ခြင်းမပြုရသေးသော အတွင်းသတင်းအချက်အလက်ကို အသုံးပြု၍ ရောင်းဝယ်ခြင်းမဟုတ်ကြောင်း အတည်ပြုရမည်။ထိုသို့အတည်ပြုခြင်းကို ရောင်းဝယ်မှုတစ်ခုချင်းစီအတွက် စာဖြင့်ရေးသားအတည်ပြုရမည်။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အတွင်းသတင်းအချက်အလက်များ ထုတ်ဖော်ဖွင့်ဟခြင်းမပြုမီအရောင်းအဝယ်ပြုလုပ်သော မည်သည့်လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူကိုမဆို စစ်ဆေးရမည်ဖြစ်ပြီး အကယ်၍အဆိုပါ အရောင်းအဝယ်ပြုလုပ်မှုသည် သံသယဖြစ်ဖွယ်ရှိပါက ဆက်စပ်သတင်းအချက်အလက်များကို ကော်မရှင်သို့ ဆောလျင်စွာပေးပို့ရမည်။

**ကြီးကြပ်စစ်ဆေးရန်တတိယအချက်– ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ဝန်ထမ်းများ အရောင်း အဝယ် ပြုလုပ်ခြင်း**

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ယင်း၏ဝန်ထမ်းများကို ငွေချေးသက်သေခံလက်မှတ် စာရင်းဖွင့်လှစ်ခွင့်ပြုနိုင်သည်။သို့ရာတွင် အခြားငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ဝန်ထမ်းများမှ ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ခြင်းကို ခွင့်မပြုရ။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ယင်း၏ဝန်ထမ်းများမှ အတွင်းလူအဖြစ် အရောင်းအဝယ် ပြုလုပ်ခြင်းကို ခွင့်ပြုရန်နှင့် ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို စောင့်ကြည့်စစ်ဆေးရန် လုပ်ထုံးလုပ်နည်းတစ်ရပ်ထားရှိရမည်။
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ယင်း၏ကုမ္ပဏီမှတဆင့် ဖြန့်ချီရောင်းချရန် ဆောင်ရွက်သည့် စာရင်းဝင်ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်များအား ယင်း၏ဝန်ထမ်းများမှ အရောင်းအဝယ်ပြုလုပ်ခြင်းကို ခွင့်မပြုရ။

**ကြီးကြပ်စစ်ဆေးရန်စတုတ္ထအချက်– အတွင်းသတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း**

- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် အောက်ပါအတွင်းသတင်းအချက်အလက်များကို ဖော်ထုတ်ရမည့်အပြင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၄ တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူများ၏ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်များ အပေါ်တွင် သြဇာလွှမ်းမိုးမှု ရှိနိုင်သော အချက်များနှင့်စပ်လျဉ်း၍လည်း ဖော်ထုတ်ရမည်–
  - (၁) စာရင်းစစ်ဆေးထားခြင်းမရှိသေးသည့် ဘဏ္ဍာရေးရှင်းတမ်းများပါဝင်သော ငွေရေးကြေးရေး ရလာဒ်များ၊
  - (၂) ကော်မရှင်မှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)၏ အပိုဒ် ၄ နှင့် ၅ တို့တွင် ဖော်ပြထားသည့် အချက်အလက်များ၊
  - (၃) ရန်ကုန်စတော့အိပ်ချိန်းမှ အချိန်နှင့်တပြေးညီထုတ်ပြန်ကြေညာရန်သတ်မှတ်ထားသည့် ကိစ္စရပ်များ၊
- စည်းမျဉ်းစည်းကမ်းများလိုက်နာရေးဌာနအနေဖြင့် ရရှိလာသော အတွင်းသတင်းအချက်အလက်များကို ဌာန၏ ကြိုတင်အတည်ပြုချက်မရရှိဘဲ ဖြန့်ဝေခြင်းမပြုရန် တိကျစွာလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ပါနည်းလမ်းများအတိုင်းဆောင်ရွက်ရမည်–
  - (၁) စည်းမျဉ်းစည်းကမ်းများလိုက်နာရေးဌာနသည် သတင်းအချက်အလက်ရယူရမည့် လုပ်ငန်းစဉ်နှင့်ရရှိလာသောသတင်းအချက်အလက်များကို စီမံခန့်ခွဲရန်အတွက် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကိုထူထောင်ရန်၊
  - (၂) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ဝန်ထမ်းသည် မိမိလုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မှ ရရှိလာသော ကုမ္ပဏီသတင်းအချက်အလက်များကို စည်းမျဉ်းစည်းကမ်းများ လိုက်နာရေးဌာနသို့ ချက်ချင်းအစီရင်ခံတင်ပြစေရန်၊

(၃) စည်းမျဉ်းစည်းကမ်းများလိုက်နာရေးဌာနနှင့် အခြားဌာနတို့အကြား သင့်လျော်သော အကြောင်းပြချက်မရှိဘဲ သတင်းဖလှယ်ခြင်းမှ တားဆီးကာကွယ်ရန် ဌာနအချင်းချင်းအကြား သို့မဟုတ် သီးသန့်ကွန်ပျူတာဆာဗာဖြင့် သတင်းဝင်ရောက်ကြည့်ရှုခွင့် ကန့်သတ်ထားနိုင်ရန်အတားအဆီးများထူထောင်ရန်၊ (အထူးသဖြင့် - ကုမ္ပဏီပိုင်ငွေဖြင့် အရောင်းအဝယ်ဆောင်ရွက်သည့် ဌာနနှင့် ပုံမှန်အရောင်းဌာန)